လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## အာဆီယံ ကိုယ်စားလှယ်ထံသို့ပန်ကြားချက်

အာဆီယံ ကိုယ်စားလှယ် မြန်မာနိုင်ငံသို့မကြာမီလာရောက်တော့မည်၊ နေ့ရက်သတ်မှတ်ထားပြီးပြီဟုသိရပါသည်။

အာဆီယံ ကိုယ်စားလှယ် မြန်မာနိုင်ငံသို့စေလွှတ်ရန် အာဆီယံအဖွဲ့ကြီးက ဆုံးဖြတ်ချက်ချမှတ်ခဲ့စဉ်ကပဲ ပြည်တွင်းပြည်ပအင်အားစုများက အလေးထားသင့်သည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားခဲ့ကြပါသည်။

အာဆီယံ ကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် ပြည်တွင်းပြည်ပ အင်အားစုများ၏ အလေးထားချက်များကို အနှစ်ချုပ်ဖော်ပြရမည်ဆိုလျှင် –

– (နအဖ) စစ်အစိုးရနှင့်သာသီးသန့်တွေ့ဆုံပြီး၊ စစ်အစိုးရပြောသမျှ ပြသမျှကိုသာ ကြည့်ရှုလေ့လာပြီး ကောက်ချက်မချရန်၊

– (နအဖ) စစ်အစိုးရ ပြောသမျှ ပြသမျှကိုသာ လေ့လာရန်သက်သက် လာရောက်မည်ဆိုလျှင် မြန်မာနိုင်ငံသို့ လာရောက်ရန် မလိုအပ်ပါ၊

– အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ပြည်တွင်းနိုင်ငံရေးအင်အားစု အသီးသီးနှင့်တွေ့ဆုံပြီး ထိုအင်အားစုများ၏ တင်ပြပြောဆိုသံများကိုလည်း လေ့လာနားထောင်ရန် ... စသည့် အချက်များကို တွေ့ရှိရမည် ဖြစ်ပါသည်။

သို့ပါ၍ အာဆီယံကိုယ်စားလှယ်အဖွဲ့အနေဖြင့် (နအဖ)စစ်အစိုးရနှင့်သာမက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းပြည်တွင်းရှိ နိုင်ငံရေးအင်အားစုအသီးသီးနှင့် တွေ့ဆုံရန် လိုအပ်ပါသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့၏ (၅၉)နှစ်မြောက်၊ ပြည်ထောင်စုနေ့၊ အထူးကြေညာချက်ပါကမ်းလှမ်းချက်သည်လည်း အာဆီယံကိုယ်စားလှယ်အတွက် အရေးတကြီးလေ့လာသင့်သည့် ကိစ္စတစ်ခုဖြစ်ပါသည်။ ထိုကြေညာချက်ကို ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုများက ကြိုဆိုခဲ့ကြပါသည်။

**"အိမ်ရှေ့ပူ၊အိမ်နောက်မချမ်းသာ"** ဆိုသော မြန်မာဆိုရိုးစကားကဲ့သို့ပင်ဖြစ်ပါသည်။

ကျွန်တော်တို့တိုင်းပြည်၏ ပြည်တွင်းရေးပြဿနာသည်၊ ကျွန်တော်တို့အချင်းချင်း ညှိနှိုင်းဖြေရှင်းရမည်မှာ အဓိကဖြစ်သော်လည်း၊ (နအဖ)စစ်အစိုးရက အမျိုးမျိုး ရှောင်တိမ်း၊ လစ်လျူရှုနေပါသဖြင့်မခက်ခဲသင့်ပဲခက်ခဲနေရကာ၊ မကြန့်ကြာသင့်ပါပဲ ကြန့်ကြာ နေရပါသည်။

သို့အတွက် ကျွန်တော်တို့၏ ပြည်တွင်းရေးပြဿနာသည် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအတွက် တစထက်တစ သောကပွားစရာ ဖြစ်လာကာ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီစားပွဲသို့ရောက်၊ အာဆီယံစားပွဲသို့ရောက်ရှိလာရခြင်းဖြစ်ပါသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျွန်တော်တို့အချင်းချင်းတွေ့ဆုံဆွေးနိုင်ရန် ကမ်းလှမ်းထားပါသည်၊ ထိုကမ်းလှမ်းချက်အကောင်အထည်ပေါ်လာစေရန်အတွက် အဓိကကျသောကိစ္စမှာ (နအဖ)စစ်အစိုးရက ထိုကမ်းလှမ်းချက်ကို အသိအမှတ်ပြုပြီး လက်တွေ့လုပ်ငန်းများ လုပ်ဆောင်လာစေရန် ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်လာနိုင်စေရန်အတွက် အာဆီယံအဖွဲ့ကြီးကဖြစ်စေ၊ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများကဖြစ်စေ အိမ်နီးချင်းကောင်း၊ ဒေသတွင်းကောင်းစိတ်ဓါတ်ဖြင့် **"လမ်းစ"**များဖေါ်ထုတ်ပေးပါလျှင် တိုင်းပြည်နှင့် လူမျိုးစုံပြည်သူများအတွက် အကျိုးရလဒ်ကောင်းများဖြစ်ပေါ်ရရှိစေမှာ ဖြစ်ပါသည်။ ထို့အတူ ဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံများအတွက်လည်း အကျိုးရလဒ်ကောင်းများဖြစ်ထွန်းလာစေမှာဖြစ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၆ ခုနှစ်၊ မတ်လ (၂၂) ရက်။

ဆက်သွယ်ရန်။ ကိုအောင်မိုးဇော် (ဥက္ကဋ္ဌ) ဖုန်း (၆၆ ၅ ၀၅၂ ၂၃၆၂)
ကိုခင်မောင်တင့် (အထွေထွေအတွင်းရေးအမှူး) ဖုန်း (၆၆ ၁ ၆၇၅ ၈၇၃၁)